**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**အမိန့်အမှတ်၊ ၁ / ၂၀၂၃**

**၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်**

**(၂၀၂၃ ခုနှစ် ၊ မတ်လ ၃၀ ရက်)**

**သက်တမ်းတိုးကာလကျော်လွန်ပြီးမှ လာရောက်ဆောင်ရွက်သော အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှု ဆောင်ရွက်သူများအပေါ် ဒဏ်ကြေး သတ်မှတ်ခြင်းဆိုင်ရာအမိန့်**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပြီး ကုန်ပစ္စည်းတစ်ရပ်ရပ်ကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ တစ်ဆင့်ဖြတ်သန်းသယ်ဆောင်ခြင်းတို့နှင့် ပတ်သက်၍ အကောက်ခွန်ဆိုင်ရာကိစ္စရပ်များအတွက် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှု ကုမ္ပဏီ အသစ်ဖွဲ့စည်းခြင်း၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်းနှင့် သက်တမ်းတိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၁၊ အပိုဒ်ခွဲ (င) အရ သက်တမ်းကာလ ကျော်လွန်ပြီးမှ သက်တမ်းတိုး ဆောင်ရွက်သောကိစ္စရပ်များကို "အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း (မှတ်ပုံတင်) သက်တမ်းကာလကျော်လွန်မှုအပေါ် လအလိုက် သတ်မှတ်ဒဏ်ကြေး" အား ဇယား (၁) အရလည်းကောင်း၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်း မရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ပြီးမှ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် ပြန်လည်လျှောက်ထားလာသည့် ကိစ္စရပ်များကို "အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့် စိစစ်ရေးကတ် သက်တမ်းကျော်လွန်မှု နှစ်ကာလအလိုက် သတ်မှတ်ဒဏ်ကြေး" အား ဇယား (၂) အရလည်းကောင်း ပေးဆောင်ရမည့် ဒဏ်ကြေးများကို နောက်ဆက်တွဲပါအတိုင်း သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်သည် ၃၀ - ၃ - ၂၀၂၃ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

သိန်းဆွေ

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၃၃ - ၀ထ / ၂၀၂၃ ( ဖ၄ဖ )

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော်

ညွှန်ကြားရေးမှူးချုပ်

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

( မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန် )

ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ)

ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး)

ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး)

ဌာနခွဲညွှန်ကြားရေးမှူးများအားလုံး

တိုင်းနှင့်ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူးများအားလုံး

အမြဲတမ်းစစ်ဆေးရေးစခန်းများ (ရေပူ ၊ မရမ်းချောင်)

OSS စခန်းများ (မူဆယ်၊ မြဝတီ)

တံတားကျိုးပူးပေါင်းစစ်ဆေးရေးစခန်း

အထူးစီးပွားရေးဇုန်များ (သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်)

မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးများအားလုံး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (MFF)

မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်းများအသင်း (MCBA)

မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)

မြန်မာနိုင်ငံစက်မှုလက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA)

မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း (MPEA)

**အမိန့်အရ**

မျိုးသီဟ

ညွှန်ကြားရေးမှူး (စီမံ)

မိတ္တူကို

စီမံရေးရာဌာနစိတ် (အပို ၃ စောင်)

ရုံးလက်ခံ/မျှောစာတွဲ

နောက်ဆက်တွဲ

ဇယား (၁) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း (မှတ်ပုံတင်) သက်တမ်းကာလ ကျော်လွန်မှုအပေါ် လအလိုက် သတ်မှတ်ဒဏ်ကြေး (ကျပ်)

| စဉ် | ကာလ | ဌာန/အဖွဲ့အစည်း | CMP | ဝန်ဆောင်မှုကုမ္ပဏီ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | (၁) လ အတွင်း | ၅,၀၀၀/- | ၂၀,၀၀၀/- | ၅၀,၀၀၀/- | |
| ၂ | (၂) လ အတွင်း | ၁၀,၀၀၀/- | ၄၀,၀၀၀/- | ၁၀၀,၀၀၀/- | |
| ၃ | (၃) လ အတွင်း | ၁၅,၀၀၀/- | ၆၀,၀၀၀/- | ၁၅၀,၀၀၀/- | |
| ၄ | (၄) လ အတွင်း | ၂၀,၀၀၀/- | ၈၀,၀၀၀/- | ၂၀၀,၀၀၀/- | |
| ၅ | (၅) လ အတွင်း | ၂၅,၀၀၀/- | ၁၀၀,၀၀၀/- | ၂၅၀,၀၀၀/- | |
| ၆ | (၆) လ အတွင်း | ၃၀,၀၀၀/- | ၁၂၀,၀၀၀/- | ၃၀၀,၀၀၀/- | |
| ၇ | (၇) လ အတွင်း | ၃၅,၀၀၀/- | ၁၄၀,၀၀၀/- | ၃၅၀,၀၀၀/- | |
| ၈ | (၈) လ အတွင်း | ၄၀,၀၀၀/- | ၁၆၀,၀၀၀/- | ၄၀၀,၀၀၀/- | |
| ၉ | (၉) လ အတွင်း | ၄၅,၀၀၀/- | ၁၈၀,၀၀၀/- | ၄၅၀,၀၀၀/- | |
| ၁၀ | (၁၀) လ အတွင်း | ၅၀,၀၀၀/- | ၂၀၀,၀၀၀/- | ၅၀၀,၀၀၀/- | |
| ၁၁ | (၁၁) လ အတွင်း | ၅၅,၀၀၀/- | ၂၂၀,၀၀၀/- | ၅၅၀,၀၀၀/- | |
| ၁၂ | (၁၂) လ အတွင်း | ၆၀,၀၀၀/- | ၂၄၀,၀၀၀/- | ၆၀၀,၀၀၀/- | |

ဇယား (၂) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်စိစစ်ရေးကတ် သက်တမ်းကျော်လွန်မှု နှစ်ကာလအလိုက် သတ်မှတ်ဒဏ်ကြေး (ကျပ်)

| စဉ် | ကာလ | ဌာန/အဖွဲ့အစည်း | | CMP | | ဝန်ဆောင်မှုကုမ္ပဏီ | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | လိုင်စင်ကြေး | ဒဏ်ကြေး | လိုင်စင်ကြေး | ဒဏ်ကြေး | လိုင်စင်ကြေး | ဒဏ်ကြေး | |
| ၁ | (၆) လ အတွင်း | ၂,၀၀၀/- | ၄,၀၀၀/- | ၅,၀၀၀/- | ၁၀,၀၀၀/- | ၅,၀၀၀/- | ၃၀,၀၀၀/- | |
| ၂ | (၁၂) လအတွင်း | ၄,၀၀၀/- | ၈,၀၀၀/- | ၁၀,၀၀၀/- | ၂၀,၀၀၀/- | ၁၀,၀၀၀/- | ၆၀,၀၀၀/- | |
| ၃ | (၁၈) လ အတွင်း | ၆,၀၀၀/- | ၁၂,၀၀၀/- | ၁၅,၀၀၀/- | ၃၀,၀၀၀/- | ၁၅,၀၀၀/- | ၉၀,၀၀၀/- | |
| ၄ | (၂၄) လ အတွင်း | ၈,၀၀၀/- | ၁၆,၀၀၀/- | ၂၀,၀၀၀/- | ၄၀,၀၀၀/- | ၂၀,၀၀၀/- | ၁၂၀,၀၀၀/- | |

မှတ်ချက်။ ဇယား (၂) ပါ ကာလအလိုက် တွက်ချက်ခြင်းအား လုပ်ငန်းသက်တမ်း ကုန်ဆုံးသည့်နေ့မှစ၍ ဝင်စာစာရင်း ရေးသွင်းသည့် နေ့ရက်အထိ ဒဏ်ကြေးတွက်ချက် ကောက်ခံသွားမည်။